dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"Who Benefit From Damming The Rivers?"*

ဖြစ်ပါတယ်။

- ❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

## ဒီတစ်ပတ်မှာတော့ ``ဆည်တွေတည်ဆောက်ခြင်းရဲ့ အကျိုးအမြတ်တွေ ပြည်တွင်းကို စီးဝင်နေပြီလား´´ ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အာရှတိုက်ထဲက နိုင်ငံတွေထဲမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်ခံစားရမှု အများဆုံး နိုင်ငံတွေထဲမှာ အဆင့်တစ်နေရာမှာ ရောက်နေတယ်လို့ ၂၀၁၂ခုနှစ်မှာ ကုလသမဂ္ဂ Office For The Coordination of Humanitarian Affairs (OCHA) က ထုတ်ပြန်ခဲ့ပါတယ်။ ဒါဟာ လက်ရှိ အိမ်နီးချင်း ထိုင်းနိုင်ငံမှာရောက်နေတဲ့ နိုင်ငံတကာစီးပွားရေးလုပ်ငန်းတစ်ချို့ မြန်မာကိုရွှေ့ ပြောင်းလာဖို့ မျှော်မှန်းထားချက်တွေနဲ့ ဖွံ့ဖြိုးရေးလမ်းစပွင့်လင်းလာတဲ့ လက်ရှိမြန်မာ့ဈေးကွက်မှာ လက်ဦးမှုရယူဖို့ ခြေလှမ်းပြင်ထားတဲ့ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံသူတွေအတွက် လက်တွန့်သွားမလားလို့ စိုးရိမ်စရာ ရှိပါတယ်။

ဒီ့အပြင် ခုလက်ရှိမြန်မာ့မြေမှာ ရေကြီးရေလျှံမှုကြောင့် ဒုက္ခသည်ဖြစ်ရသူတွေဒုနဲ့ဒေး ရှိလာနေပြီး မြစ်ကမ်းပါးပြိုခြင်းတွေကလည်း ခပ်စိပ်စိပ်ဖြစ်လာနေပါတယ်။ တစ်ဆက်တည်းမှာပဲ မြစ်ချောင်း ထိန်းသိမ်းမှု မရှိသလောက်ဖြစ်တာကြောင့် မြစ်တွေကောလာခဲ့တာ ဧရာဝတီမြစ်ကြီးရဲ့ ရေစီး ကြောင်းဟာ နေရာအတော်များများမှာ သဲခုံတွေအဖြစ်နဲ့ ရှုမြင်ရမှာ ဖြစ်လို့နာဖျားနေတဲ့ ဧရာဝတီ အဖြစ်ပင် သတ်မှတ်ပြီး မြစ်ကြီးရဲ့ သက်ရှည်ကျန်းမာရေး အတွက် ပူပန်လှုပ်ရှားနေကြသူတွေလည်း ရှိနေပါပြီ။

လယ်ယာစိုက်ပျိုးရေးအားထားခဲ့တဲ့ မြန်မာနိုင်ငံမှာ ၁၉၄၈ ခုနှစ်ကနေ ၁၉၈၈ ခုနှစ် အထိ ဆည်တမံ ပေါင်း၁၃၈ ခု ရှိခဲ့ပြီး ၁၉၈၈ကနေ ၂၀၁၀အတွင်းမှာ ဆည်ကန်ပေါင်း ၃၇၁ ခု ရှိတယ်လို့သိရပါတယ်။ အစိုးရကတော့ စိုက်ပျိုးရေရရှိဖို့နဲ့ လျှပ်စစ် ဓါတ်အားရရှိဖို့ ရည်ရွယ်တယ်လို့ဆို ထားပါတယ်။

၂၀၁၀ခုနှစ်အတွင်းမှာ ထွက်ရှိလာတဲ့ အစိုးရရဲ့ တရားဝင်ထုတ်ပြန်ချက်တွေအရ မြန်မာနိုင်ငံမှာ ပြည်နယ်နဲ့တိုင်းဒေသကြီးအလိုက် တည်ဆောက်ဆဲ ဆည်တမံစီမံကိန်း ၂၆ခုရှိပြီး အဲဒီကနေ လယ်ဧက ၁၂၃၆၉၉၀ကို ရေပေးသွင်းနိုင်မှာဖြစ်ပြီး ရေသိုလှောင်ပမာဏအနေနဲ့ ၃၂၆ ၂၇၉၇၆ သိုလှောင်နိုင်မှာဖြစ်တယ်လို့ သိရပါတယ်။ ရေအားလျှပ်စစ်ပမာဏကတော့ ၂၀၃၆. ၃၀ မဂ္ဂါဝပ်ထုတ်နိုင်မှာဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

ပေးထားချက်အရ ကျင်းပခဲ့တဲ့ ၂၀၁၀ ပြည့်နှစ် ပါတီစုံရွေးကောက်ပွဲအရ တက်ရောက်လာခဲ့တဲ့ သမ္မတ ဦးသိန်းစိန် လက်ထက်မှာ ဧရာဝတီမြစ်ဆုံဆည်တည်ဆောက်မည့် စီမံကိန်းအပေါ် ဝေဖန်ခွင့် အခွင့်အရေးရလာခဲ့ပြီး သမ္မတက ၄င်းရဲ့သက်တမ်းအတွင်းရပ်တန့်ထားဖို့ ကတိကဝတ်အရ ဧရာဝတီ မှာ လက်တလုံးခြားလေးသာ လွတ်သွားခွင့်ရခဲ့ပေသည်။ ယင်းမှာ ဧရာဝတီကို ကယ်တင်ရင်း ၄င်း၏ အသက်သွေးကြောကို မီတည်နေသည့် မြန်မာပြည်သားများ၏ အသက်ပါ ကယ်တင်နိုင်ခဲ့ခြင်း ဖြစ်ပေ

သည်ဟုလည်း ဆိုရမည်ပင်။ ခုလက်ရှိမှာတော့ ဘာဆည်တမံမှ တည်ဆောက် အသုံးပြုထားခြင်း မခံရသေးပဲ အပျိုစင်လေးအဖြစ်သံလွင်မြစ်ကတော့ ကမ္ဘာ့အထိပါစာရင်းပေါက်ထားပါတယ်။

ပြည်သူသန်းပေါင်းများစွာရဲ့ အကျိုးစီးပွားတွေ၊ သက်ရှင်ဖြစ်တည်ရေးတွေနဲ့ ဆက်စပ်နေတဲ့ ဆည်တမံပေါင်းများစွာကို တည်ဆောက်တဲ့နေရာမှာ ပြည်သူလူထု အပါအဝင်၊ အရပ်ဖက်အဖွဲ့ အစည်းတွေကိုချပြမှု အားနည်းခြင်း၊ ဆည်တမံများတည်ဆောက်လိုက်တဲ့အတွက် သဘာဝပတ်ဝန်း ကျင် အပါအဝင် ဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံထားမှု စတဲ့ ကဏ္ဍတွေအားနည်းတာကြောင့်လည်း လက်ရှိ မှာ ဆည်တည်ဆောက်ရေး စီမံကိန်းများဟာ ပြည်တွင်းအကျိုးထက် ပြည်ပမှသာ အကျိုးအမြတ်ခံစား နေရတယ်လို့ ပညာရှင်တွေက ထောက်ပြလာခဲ့ကြပါတယ်။

ဒီတစ်ပတ်မှာတော့ ဆည်တွေတည်ဆောက်မှုကနေရရှိတဲ့ အကျိုးအမြတ်နဲ့ ဆုံးရှုံးစတေး လိုက်ရတာ တွေ မျှရဲ့လား ၊ တကယ်တမ်းမှာ ဒီအကျိုးအမြတ်တွေဟာ ဘယ်တွေကိုစီးဝင် သွားခဲ့သလဲ ၊ လိုအပ်နေတဲ့ မြန်မာ့ဖွံ့ဖြိုးရေးနဲ့ မြန်မာ့မြေကိုပေါ်ကမြစ်ချောင်းတွေ အသက်ရှည်ကျန်းမာရေး အတွက် ဘယ်လိုဟန်ချက်တွေနဲ့ သွားကြမလဲဆိုတာက DVB ဒီဘိတ် အစီအစဉ်မှာ ဆွေးနွေးငြင်းခုံ အဖြေရှာကြည့်မှာ ဖြစ်ပါတယ်။

## သူတို့အမြင်

"ဧရာဝတီကိုစဉ်းစားမယ်ဆိုရင်တော့ စီးပွားဖြစ် စဉ်းစားလို့မရဘူး။တရုတ်နိုင်ငံကတော့ ကျွန်တော်တို့မြစ်ထဲမှာ ဧရာဝတီမြစ်မှာ မြစ်ဆုံကိုလာပြီး စီမံကိန်းကိုရေးမယ်၊ ဆွဲမယ်လို့ စဉ်းစားတဲ့အခါမှာ သူတို့က စီးပွားဖြစ်ပဲ စဉ်းစားတော့မှာဖြစ်ပါတယ်။ ဒီမြစ်ဟာ သူတို့နိုင်ငံရဲ့ အသက်သွေးကြောမြစ်မဟုတ်ဘူး၊ သူတို့စဉ်းစားတဲ့ စဉ်းစားမှုမျိုးကတော့ မတူနိုင်ဘူး။ သူတို့ လည်း Environmental cause တွေ မတွက်ထားတာတော့ မဟုတ်ပါဘူး။ တွက်ထားပါတယ်။ သို့သော်လည်းပဲ သူတို့တွက်ထားတာသည် ဒေသတစ်ခုရဲ့ Environmental cause ကို တွက်ထားတာဖြစ်တယ်။ ကျွန်တော်တို့ကတော့ ဧရာဝတီမြစ်ကြီးတစ်ခုလုံး အစအဆုံးမြစ်အစကနေ ဆိုးမြစ်အဆုံး ဧရာဝတီမြစ်ဝကျွန်းပေါ်အထိ ထိခိုက်မယ့်ကိစ္စတွေကို ထည့်တွက်လိုက်တဲ့ အခါမှာ ပတ်ဝန်းကျင်ဘေးထွက်ရလဒ်တွေနဲ့ အကျိုးအပြစ်တွေ အားလုံးကို ချိန်ဆပြီးသုံးသပ်တယ်။"
**ဒေါက်တာဇော်ဦး** - နိုင်ငံတော်သမ္မတ စီးပွားရေးအကြံပေး။

### *Information links:*

http://www.themessengernewsjournal.com
www.dvb.no
**http://dvbdebate.net/**

dvbdebate.com facebook.com/dvb.debateTwitter@dvbdebate